## Easter Sunday (April 05, 2015)

## 1st READING: *Acts 10:34, 37-43*

တမန်တော်ဝတ္ထု ၁၀း ၃၄၊ ၃၇–၄၃

ပေတရုသည်လည်းမိမိနှုတ်ကိုဖွင့်၍ပြောသည်ကား၊ ယောဟန်သည်ဆေးကြောခြင်းကိုဟောပြောခဲ့ပြီးနောက်ဂါလိလေနယ်မှစ၍ဂျုဒေယပြည်တစ်လျှောက်လုံးတွင်ထိုနှုတ်ကပတ်တော်သည်ကြွေကြော်ဟောပြောခြင်းခံခဲ့ရ၏။ဘုရားသခင်သည်နာဇရက်မြို့သာယေရှုးကိုသန့်ရှင်းသောဝိညာဉ်တော်နှင့်ဘုန်းတန်ခိုးတော်အားဖြင့်မည်သို့ဘိသိတ်သွန်းလောင်းခဲ့သည်ကိုလည်းကောင်း၊ယေရှုးသည်လှည့်လည်သွားလာ၍မည်သို့ကောင်းမှုများပြု၍နတ်ဆိုးဖိစီးနှိပ်စက်သူများကိုပျောက်ကင်းစေခဲ့သည်ကိုလည်းကောင်းအကြောင်းများဖြစ်သတည်း။ အကြောင်းမူကား၊ဘုရားသခင်သည်ကိုယ်တော်နှင့်အတူရှိတော်မူ၏။ ငါတို့သည်လည်းဂျူးလူမျိုးတို့၏တိုင်းပြည်နှင့်ဂျေရုဆလင်မြို့တွင်ကိုယ်တော်ပြုတော်မူသမျှအမှုတော်များ၌သက်သေခံများဖြစ်ကြ၏။ ဂျူးလူမျိုးတို့သည်ကား၊ကိုယ်တော်ကိုသစ်ပင်ပေါ်တွင်ချိတ်ဆွဲလျက်အသေသတ်ခဲ့ကြ၏။ သို့သော်ဘုရားသခင်သည်သုံးရက်မြောက်သောနေ့တွင်ကိုယ်တော်ကိုရှင်ပြန်ထမြောက်စေတော်မူ၍၊ဘုန်းတော်ထင်ရှားပြစေတော်မူခဲ့သည်မှာလူအားလုံးတို့ထံသို့မဟုတ်ဘဲသက်သေခံများအဖြစ်ရွေးချယ်ခြင်းခံရသောငါတို့ထံ၌သာဖြစ်၏။ ငါတို့သည်ကိုယ်တော်သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူပြီးနောက်ကိုယ်တော်နှင့်အတူစားသောက်ခဲ့ကြရ၏။ ကိုယ်တော်ကလူအားလုံးတို့ထံသွားရောက်သွန်သင်ဟောပြောရန်နှင့်ကိုယ်တော်သာလျှင်ရှင်သူသေသူတို့ကိုစစ်ကြောစီရင်ရန်ဘုရားသခင်ခန့်ထားသောသူဖြစ်ကြောင်းသက်သေခံရန်ငါတို့ကိုမိန့်မှာတော်မူခဲ့၏။ ကိုယ်တော်ကိုယုံကြည်သောသူအပေါင်းတို့သည်ကိုယ်တော်၏နာမတော်အားဖြင့်အပြစ်များအခွင့်လွှတ်ခြင်းခံရကြသည်ဟုပရောဖက်အပေါင်းတို့သည်ကိုယ်တော်ကိုသက်သေခံကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps 118:1-2, 16-17, 22-23

ဆာလံကျမ်း **၁၁၈**

**သံပြိုင်။ ။** ဤနေ့သည်ကား၊ထာဝရဘုရားစီရင်တော်မူသောနေ့ရက်ဖြစ်၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းစွာ
ကျင်းပကြကုန်စို့။

R. **This is the day the Lord has made; let us rejoice and be glad.**

၁။ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းကြလော့။ကိုယ်တော်၏ကရုဏာ
မေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူ၏။ကိုယ်တော်၏ကရုဏာမေတ္တာတာ်သည်အစဉ်ထာဝရတည်တော်မူကြောင်း
အစ္စရေးလ်လူမျိုးတို့ဝန်ခံကြစေ။ **(သံပြိုင်)**

Give thanks to the LORD, for he is good, for his mercy endures forever. Let the house of Israel say,
"His mercy endures forever."

၂။ ထာဝရဘုရား၏လက်ယာလက်တော်သည်ရဲဝံ့စွာပြုတော်မူပြီ။ထာဝရဘုရား၏လက်ယာလက်တော်သည်ချီးမြှောက်
ခြင်းခံရ၏ထာဝရဘုရား၏လက်ယာလက်တော်သည်ရဲဝံ့စွာပြု တော်မူပြီ။ ငါသည်မသေသေး။ ငါသည်အသက်ရှင်လျက်
ထာဝရဘုရားပြုတော်မူသောအမှုအရာတို့ကိုငါပြောပြရဦးမည်။ **(သံပြိုင်)**

"The right hand of the LORD has struck with power; the right hand of the LORD is exalted. I shall not die,
but live, and declare the works of the LORD."

၃။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊
ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ ငါတို့မျက်စိထဲတွင်မူကား၊ အံ့ဩဖွယ်ကောင်းလှပေ၏/ **(သံပြိုင်)**

The stone which the builders rejected has become the cornerstone. By the LORD has this been done;
it is wonderful in our eyes.

## 2nd READING: *Colossians 3:1-4 or 1Cor 5:6-8*

ကော်လောဆဲမြို့သားတို့ထံရေးသောစာ ၃း၁–၄

သင်တို့သည်ခရစ်တော်နှင့်အတူရှင်ပြန်ထမြောက်ကြပြီဖြစ်၍ဘုရားသခင်၏လက်ယာတော်ဘက်တွင်စံပယ်တော်မူရာကောင်းကင်ဘုံ၌ရှိသောအရာတို့ကိုသာရှာကြလော့။ လောကတွင်ရှိသောအရာတို့ကိုမစွဲလမ်းဘဲအထက်ဘုံ၌ရှိသောအရာတို့ကိုစွဲလန်းကြလော့။ အဘယ်ကြောင့်ဆိုသော်သေပြီးသောသင်တို့၏အသက်သည်ခရစ်တော်နှင့်အတူဘုရားသခင်၌ဝှက်ထားလျက်ရှိသောကြောင့်တည်း။သင်တို့၏စစ်မှန်သောအသက်သည်ခရစ်တော်ဖြစ်သည်။ ကိုယ်တော်ထင်ရှားတော်မူသောအခါသင်တို့သည်လည်းကိုယ်တော်နှင့်အတူဘုန်းအသရေတော်ကိုခံစားရကြလတ္တံ့။

ကော်ရင့်သုဩဝါဒပထမစာစောင် ၅း၆–၈

တဆေးအနည်းငယ်သည်မုန့်ညက်တပြင်လုံးကိုဖောင်းကြွစေကြောင်းသင်တို့မသိကြသလော။ တဆေးအဟောင်းကိုစွန့်ပစ်ကြလော့။ သို့မှသာလျှင်သင်တို့သည်အမှန်စင်စစ်တဆေးမဲ့ဖြစ်ကြသည်နှင့်အညီမုန့်ညက်အသစ်ဖြစ်ကြပေမည်။ အကြောင်းမူကား ငါတို့၏ပါစကားသိုးငယ်တော်ဖြစ်သောခရစ်တော်သည်ယဇ်ကောင်အဖြစ်ပူဇော်ခြင်းခံခဲ့ရလေပြီ။ ထို့ကြောင့်ယုတ်မာမှုနှင့်မကောင်းမှုတည်းဟူသောတဆေးဟောင်းဖြင့်မဟုတ်ဘဲ၊ရိုးသားဖြောင့်မတ်မှုနှင့်အမှန်တရားတည်းဟူသောတဆေးမဲ့မုန့်ဖြင့်ပွဲတော်ကိုကျင်းပကြစို့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 20:1-9*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀း ၁–၉

ရက်သတ္တပတ်တွင်ပထမနေ့နံနက်စောစောမှောင်နေဆဲအချိန်တွင်မာရိယာမာဒလေးနာသည်သင်္ချိုင်းတော်သို့လာသောအခါ သင်္ချိုင်းဂူဝမှကျောက်သည်ရွေ့ထားလျက်ရှိသည်ကိုမြင်၏။ ထို့ကြောင့်သူမသည်စီမုန်ပေတရုနှင့်သခင်ယေရှုးချစ်တော်မူသောတပည့်တော်ထံသို့ပြေးသွားပြီးလျှင်သူတို့သည်သခင်ဘုရားကိုသင်္ချိုင်းဂူမှယူဆောင်သွားကြပါပြီ။ အဘယ်မှာထားကြသည်ကိုကျွန်မတို့မသိပါဟုတပည့်တော်တို့အားဆို၏။ ထိုအခါပေတရုသည်အခြားတပည့်တော်တို့နှင့်အတူသင်္ချိုင်းတော်သို့သွားကြ၏။ သူတို့နှစ်ဦးအတူပြေးသွားကြစဉ်အခြားသောတပည့်တော်သည်ပေတရုကိုကျော်လွန်၍သင်္ချိုင်းတော်သို့ဦးစွာရောက်လေ၏။ သူသည်သင်္ချိုင်းဂူတွင်းသို့ငုံ၍ကြည့်သောအခါပိတ်အဝတ်ကျန်ရစ်သည်ကိုမြင်ရ၏သို့သော်လည်း သူသည်မဝင်ဘဲစောင့်နေ၏။ သူ၏နောက်မှလိုက်လာသောစီမုန်ပေတရုရောက်လာသောအခါသင်္ချိုင်းတွင်းသို့ဝင်သဖြင့်ရှိနေရစ်သောအလောင်းတော်ပတ်အဝတ်ကိုလည်းကောင်း၊ ကိုယ်တော်၏ဦးခေါင်းတော်ပေါ်မှပုဝါသည်ပိတ်အဝတ်များနှင့် အတူမရှိဘဲ၊တစ်နေရာတွင်သီးသန့်လိပ်ထားလျက်ရှိသည်ကိုလည်းကောင်းမြင်ရ၏။ ထို့နောက်သင်္ချိုင်းတော်သို့ဦးစွာရောက်ရှိသောအခြားတပည့်တော်သည်လည်းဂူထဲသို့ဝင်၍တွေ့မြင်သောကြောင့်ယုံကြည်လေ၏။ အကြောင်းမူကားကိုယ်တော်သည်သေခြင်းမှရှင်ပြန်ထမြောက်ရမည်ဟူသောကျမ်းစကားကိုသူတို့နားမလည်ကြသေးချေ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။